## ၁၀။ အနက်ရောင်လက်ဖက်လှေးပိုး

**Black Tea Thrips:** ***Heliothrips haemorrhoidalis*** **(Bouché, 1833)**

**Thysanoptera : Thripidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**






ပိုးမသည်များသည်အနီရောင်မျက်လုံးများရှိပြီးအဝါရောင်ရှိသည်။အရွယ်ရောက်ပိုးမသည်မှာ(၁)မီ လီမီ တာရှည်သည်။ရုပ်ဖုံးသည်ပိုးမသည်ထက်ကြီးပြီးအတောင်ပံရှည်ကာ မျက်လုံးကြီး သည်။အကောင်ကြီး၏ခေါင်းနှင့်လည်ပင်းပိုင်းသည်အနက်ရောင်ရှိပြီးဝမ်းဗိုက်ပိုင်းမှာအညိနက်ေ ောင်ဖြစ်သည်။ခြေထောက်မှာအဝါဖျော့ရောင်ရှိပြီးဦးမှင်မှာအဆစ်(၈)ဆစ်ရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အရွက်များ၊ အပွင့်များနှင့် ပင်စည်များတွင် အပေါက်ဖောက်ပြီး သစ်ရည်ကို စုပ်စားသဖြင့် အသီးများပေါ်တွင် အစက်အပြောက်များဖြစ်ခြင်း၊ အသီးလှီခြင်း၊ အသီးခွံအက်ကွဲ၍ မလှမပဖြစ်ခြင်း၊ ထိုမှတဆင့် အသီးပုပ်ခြင်းများ ဖြစ်တတ်ပါသည်။

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိသောမျိုးများကို အသုံးပြုပါ။

(၂) အပြာရောင်ပိုးဖမ်းထောင်ချောက်များအသုံးပြု၍ ဖမ်းယူပါ။

(၃) စိုက်ခင်းပတ်ဝန်းကျင်ရှိ လိပ်ခုံးကျိုင်းကဲ့သို့သော သဘာဝမိတ်ဆွေပိုးများကို ကာကွယ် ထိန်းသိမ်းပါ။

(၄)ထိသေ၊စားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုး ကို ဆေးဘူး၊ အိတ်ပါအညွှန်းစာအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Preharvest Interval (PHI) ကို စနစ်တကျလိုက်နာ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတတ်ထရာမက် (Spirotetramat)
- ကလိုဖန်နာပြာ (Chlorfenapyr)